နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့

# ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၇/၈၉)**

၁၃၅၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၅ ရက်

(၁၉၈၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကိုပြင်ဆင်သည့် ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင်-

(က) ပုဒ်မ ၂၀ တွင်ပါရှိသော "ကျပ်တစ်ရာထိ ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်တစ်ရာမှ အများဆုံး ကျပ်တစ်ထောင်ထိ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "သုံးနှစ်အတွင်း" ဆိုသည့်စကားရပ်ကို "တစ်နှစ်အတွင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျပ်ငါးဆယ် အောက်မနည်း၊ ကျပ်နှစ်ရာထက်မပိုသော ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်နှစ်ရာမှ အများဆုံးကျပ်တစ်ထောင့်ငါးရာထိ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်၊

(ခ) ပုဒ်မ ၂၁ တွင်ပါရှိသော "သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ကို "ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးရာထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "သုံးနှစ်အတွင်း" ဆိုသည့် စကားရပ်ကို "တစ်နှစ်အတွင်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်ရာ အောက်မနည်း ကျပ်တစ်ထောင်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး

ဖြစ်စေ" ဆိုသည့် စကားရပ်ကို "တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်ငါးရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

(ဂ) ပုဒ်မ ၂၂ တွင် ပါရှိသော "ကျပ်နှစ်ရာထိ ငွေဒဏ်" ဆိုသည့် စကားရပ်ကို "ငွေဒဏ်အနည်းဆုံး ကျပ်နှစ်ရာမှ အများဆုံး ကျပ်တစ်ထောင့်ငါးရာထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။